(ဒီဇင်ဘာ ၇ ရက်မှအဆက်)



# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဗထူး

## ယုံကြည်စိတ်ချရမှုဆိုသည်မှာ

ဖွံ့ဖြိုးပြီး နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြည်သူလူထုဟာ နိုင်ငံရေး ခေါင်းဆောင်များရဲ့ စိတ်အား ထက်သန်မှု နဲ့ လုပ်ဆောင်မယ့် အစီအစဉ်တွေကို ကြိုတင်တွက်ဆလို့ မရနိုင်တဲ့အတွက် သူတို့ ဘာသာ သူတို့မေးခွန်းထုတ်နေကြပါတယ်။ သူတို့ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်များဟာ အာဏာရရှိပြီးတဲ့နောက် မရေရာမသေချာတဲ့ ရလဒ်တွေကိုသာ ရယူပေးနိုင်မှာလား။ ယုံကြည် စိတ်ချနိုင်ပါ့မလားဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ဒီလိုဆိုလျှင် နိုင်ငံရေးစနစ်တစ်ရပ်ရဲ့ တရားဝင်မှုနဲ့ ရေရှည်တည်တံ့မှုတို့မှာ ယုံကြည်စိတ်ချရမှုဆိုတဲ့ အရေးကြီးတဲ့ အကြောင်းခြင်းရာ တစ်ရပ် ပါဝင် နေပြီ ဆိုတာ ထင်ရှားပါတယ်။

ရှင်သန်ကြွခိုင်နေတဲ့ ဒီမိုကရေစီ စနစ်တစ်ရပ်မှာ ပြည်သူလူထုအပိုင်းက သံသယဖြစ်မှု အတိုင်းအဆတစ်ခုအထိ ရှိနေနိုင်တာဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေတစ်ရပ် ဖြစ်နေပါလျက် ယုံကြည်စိတ်ချရမှုဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေး တစ်ရပ်အတွက် ဘာကြောင့် ဤမျှ ဤမျှ အရေးကြီးနေရပါသလဲ။ နိုင်ငံရေးတာဝန် ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းစီ နဲ့ အစိုးရကဲ့ သို့သော နိုင်ငံရေး အဆောက်အအုံတွေဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်လာ စေဖို့အတွက် ယုံကြည် စိတ်ချရမှုကို ဘယ်လို တည်ဆောက်နိုင်သလဲ။ ယုံကြည်စိတ်ချရမှုဟာ ကမ္ဘာ လွှမ်းခြုံဖြစ်ပေါ်မှုက တောင်းဆိုလာတဲ့ လူမှုရေး၊ နိုင်ငံရေး နဲ့ စီးပွားရေး လိုအပ်ချက် အသစ်တွေနဲ့ ဘယ်လို ဆက်စပ်မှုရှိနိုင်သလဲ။ ဒီမေးခွန်းတွေကို ဖြေကြားနိုင်ဖို့ ယုံကြည်စိတ်ချရမှုရဲ့ လက်ခံနိုင်တဲ့ အဓိပ္ပါယ် ရှင်းလင်းဖော်ပြချက်နဲ့ ယုံကြည်စိတ်ချရမှု အမျိုးအစားတွေကို သိနားလည်ပြီး ဖြစ်ဖို့ လိုအပ်ပါတယ်။

ယုံကြည်စိတ်ချရမှုဟာ လူအချင်းချင်းနဲ့ အဖွဲ့အစည်းတို့ပါဝင်တဲ့ တည်ဆောက်မှုပုံစံ တစ်ရပ် ဖြစ်ပါတယ်။ ကိုယ်စီအသိအမြင် အသီးသီးရှိကြတဲ့ လူ သို့မဟုတ် အဖွဲ့အစည်းများဟာ တစ်ဘက်နဲ့ တစ်ဘက် ဆက်ဆံမှုတစ်ရပ်ကို ထူထောင်လိုက်လို့ အဲဒီဆက်ဆံမှုက မျှော်လင့်ထားတဲ့ ရလဒ်တွေ ကို ဖြစ်ပေါ်စေခဲ့လို့ရှိရင် ယုံကြည်စိတ်ချရမှု ကိုဖြစ်စေပါတယ်။ ယုံကြည်စိတ်ချမှုရှိထားတဲ့ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုရဲ့ အပြုအမူ အပေါ်အနည်းငယ်ပဲဖြစ်ဖြစ် ၊ လုံးဝပဲဖြစ်ဖြစ် သောက ဖြစ်စရာမလိုတော့ပါဘူး။စောင့်ကြပ်ထိန်းကျောင်းဖို့လည်းမလိုပါဘူး။ဒါ့ကြောင့်ယုံကြည်စိတ်ချရမှုဟာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆက်ဆံမှုတွေအတွက် ဆက်စပ်ဆောင်ရွက်စရာ အလုပ်နဲ့စရိတ်တို့ကို ထိရောက်စွာ လျှော့ချနိုင်ပါတယ်။ တကယ်တမ်း ယုံကြည်စိတ်ချရမှု ရရှိလာပြီဆိုလျှင် လူသား အချင်းချင်းထိတွေ့မှု နဲ့ အဖွဲ့အစည်းအလိုက် အပြန်အလှန် ဆက်ဆံမှုတို့ကို ပိုမိုခိုင်မြဲစေမှာ ဖြစ်ပါတယ်။

## ယုံကြည်စိတ်ချရမှုအမျိုးအစား

ယုံကြည်စိတ်ချရမှုမှာ အဓိကအားဖြင့် အမျိုးအစားနှစ်မျိုးရှိပါတယ်။ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု နဲ့ လူမှုရေးအရ ယုံကြည်စိတ်ချရမှု တို့ဖြစ်ပါတယ်။ **နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု**ဟာ ပြည်သူလူထုက အစိုးရ နဲ့ သက်ဆိုင်ရာ အစိုးရဌာနများရဲ့ မူဝါဒချမှတ်မှုများ ဒါမှမဟုတ် နိုင်ငံရေးခေါင်းဆောင်တစ်ဦးချင်းရဲ့ ကတိတည်မှု၊ စွမ်းရည်ရှိမှု ၊ မျှတမှုနဲ့ ရိုးသားမှုတို့ကို အားပေးထောက်ခံခြင်းဖြင့် ဖြစ်ပေါ်လာစေပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် နိုင်ငံရေး တာဝန်ယူထားသူများဟာ မိမိတို့ရဲ့ လိုလားချက်တွေကို မပျက်မကွက်တုံ့ပြန် ပေးလိမ့်မယ်။ ပုံမှန်စစ်ဆေးနေခြင်းများ မပြုသည့်တိုင် မှန်ကန်တဲ့ အလုပ်ကို အသေအချာ လုပ်နေမယ်လို့ ပြည်သူလူထုရဲ့စိတ်ထဲမှာ ပေါ်လွင်ထင်ရှား နေခြင်းဟာ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုရှိခြင်း ပဲဖြစ်ပါတယ်။ ဒါဟာပန်းတိုင်ကို အခြေခံပြီး ယုံကြည်စိတ်ချရမှု တည်ရှိခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုရှိခြင်း၊ မရှိခြင်းသည် အစိုးရနဲ့ သူ့ရဲ့ ယန္တရားအပေါ် ပြည်သူလူထုရဲ့ ငုပ်လျှိုးနေတဲ့ ခံစားချက်ကောင်းခြင်း မကောင်းခြင်းနဲ့လည်း သက်ဆိုင်ပါတယ်။ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုဟာ နိုင်ငံရေးစနစ် နဲ့ နိုင်ငံရေး အဖွဲ့အစည်း တစ်ခုအပေါ်မှာ ရှိနိုင်သလို နိုင်ငံရေးလုပ်ဆောင်နေသူ တစ်ဦးချင်း အပေါ်မှာလည်းရှိနိုင်ပါတယ်။ အဖွဲ့အစည်း အပေါ်မှာရှိတဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို မက်ခရိုအဆင့် ယုံကြည်စိတ်ချမှုလို့ သတ်မှတ်ပြီး အကြောင်းကိစ္စကိုသာ ရှေးရှုမှုရှိပါတယ်။ တစ်ဦးချင်း အပေါ်မှာရှိတဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကတော့ မိုက္ကရိုအဆင့် ယုံကြည် စိတ်ချရမှုလို့ သတ်မှတ်ပြီး လူပုဂ္ဂိုလ်ကိုသာ ရှေးရှုမှုရှိပါတယ်။

နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုဟာ နှိုးဆော်မှုကို အခြေခံပြီးတော့ တည်ရှိနိုင်ပါတယ်။ နှိုးဆော်မှုကို အခြေခံတဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုမှာ ကျိုးကြောင်းဆီလျော်မှု သွတ်သွင်းထားတဲ့ ပါတီဝါဒစွဲ အမျိုးအစား နဲ့ စိတ်တွင်းမှာ အရေးထား စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်စွဲ အမျိုးအစားလို့ ထပ်မံခွဲခြားနိုင်ပါတယ်။

ပန်းတိုင်လည်းမရှိ၊ နှိုးဆော်မှုလည်းမရှိတဲ့ နိုင်ငံရေး လေဟာနယ်တစ်ခုမှာ နိုင်ငံရေးအရ ယုံကြည် စိတ်ချရခြင်းဟာ ကြီးလည်း မကြီးထွားနိုင်၊ အလုပ်လည်း မလုပ်နိုင်ပါဘူး။ ဒီနေရာမှာ လူမှုအသိုက်အဝန်း တစ်ခုရဲ့ အဖွဲ့ဝင်များအဖြစ် တစ်ဦး နဲ့ တစ်ဦး ယုံကြည်မှုရှိကြခြင်း တစ်နည်းအားဖြင့် လူမှုရေးအရ ယုံကြည်စိတ်ချရခြင်းဟာ နိုင်ငံရေးအရ ယုံကြည်စိတ်ချရခြင်းရဲ့ သဘောသဘာဝနဲ့ ကွဲပြားခြားနားမှုမရှိတာ တွေ့ရပါတယ်။ လူမှုအသိုက်အဝန်းအတွင်းမှာ ပြည်သူလူထုရဲ့ ထိတွေ့မှုများရှိနေကြခြင်းနဲ့ အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိနေကြခြင်း တို့ဟာ အဲဒီအသိုက်အဝန်း အတွင်းထဲမှာ **လူမှုရေးအရ ယုံကြည်စိတ်ချရမှု** ရှိနေခြင်းဖြစ်ပါတယ်။ တကယ်လို့ ပြည်သူလူထုဟာလူမှုရေးလှုပ်ရှား ဆောင်ရွက်မှုတွေမှာ ပါဝင်ခြင်းမရှိသေးရင် အစိုးရနဲ့သက်ဆိုင်ရာ အုပ်ချုပ်ရေး အဆောက်အအုံများ အပေါ်အပြုသဘော မဆောင်တဲ့ လက္ခဏာအဖြစ် နားလည်ကြရမှာ ဖြစ်ပါတယ်။ ဒ့ါကြောင့်အစိုးရရဲ့ စွမ်းဆောင်ရည်နဲ့ မသက်ဆိုင်ဘဲ အစိုးရ အပေါ်

သိသာထင်ရှားတဲ့ ယုံကြည်မှုရရှိဖို့ တည်ဆောက်ရာမှာ **လူမှုရေးအရင်း** ဟာလည်း အရေးကြီးပါတယ်။

နိုင်ငံရေးအရ ယုံကြည်စိတ်ချရခြင်း နဲ့ လူမှုရေးအရ ယုံကြည်စိတ်ချရခြင်းတွေဟာ တစ်ခုကို တစ်ခုက ပစ်ပယ်ခြင်းမပြုပေမဲ့ သဘောထားကွဲပြားဖွယ် အခြေအနေတွေကတော့ ရှိနေကြပါတယ်။ လူမှုရေးအရင်းနဲ့ လူမှုရေးအရ ယုံကြည်စိတ်ချရမှုကို အားဖြည့်ပေးခြင်းဟာ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကိုဖြစ်စေသလား၊ နိုင်ငံရေးအရ ယုံကြည်စိတ်ချရခြင်းခံရတဲ့ အစိုးရများဟာ လူမှုရေးအရင်းကို မြှင့်တင်ပြီး လူမှုရေးလှုပ်ရှားမှုတွေကို ဖန်တီး ပေးကြသလား၊ ရေရှည်ခံပြီးထိရောက်တဲ့ နိုင်ငံရေး စနစ်တည်ဆောက်ဖို့ လူမှုရေးအရနဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုတွေကို ဘယ်လို ပေါင်းစည်းပေးနိုင် မလဲ။ အတွေးအမျိုးမျိုးက အဖြေအမျိုးမျိုးကို ထုတ်ပေးကြမှာဖြစ်သလို လူမှုရေးအရ ယုံကြည်စိတ်ချရမှု တိုးမြှင့်ခြင်းဟာ နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်စေနိုင်ပြီး၊ အဲဒီလို ပါဝင်ဆောင်ရွက်မှု တိုးမြှင့်စေခြင်းဖြင့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုနဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို အထောက်အကူ ပြုနိုင်တာကိုတော့ ယေဘုယျအားဖြင့် လူတိုင်းက လက်ခံရမယ့် အချက်ဖြစ်ပါတယ်။

အမှန်စင်စစ် ကမ္ဘာပေါ်မှာ ယနေ့အစိုးရတွေဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးလက်နက်တွေအသုံးပြုပြီး ပြည်သူလူထုကို ပိုပြီးဩဇာ အာဏာတက်လာစေဖို့နဲ့ လူမှုရေးအရ ယုံကြည်စိတ်ချရမှုများ ပိုရှိလာစေဖို့ နည်းအမျိုးမျိုးနဲ့ နှိုးဆွပေးလျက် ရှိနေကြပါတယ်။ လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်း၊ သတင်းအချက်အလက် နဲ့ ဝန်ဆောင်မှု ပိုကောင်းစေမယ့် နည်းပညာများ အသုံးပြုခြင်း၊ အကျိုးရှိတဲ့ စီးပွားရေး မူဝါဒများ ချမှတ်ပေးခြင်း၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ ရာဇဝတ်မှုနှိမ်နင်းရေး စတဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု ဆုံးရှုံးစေမယ့် အချက်တွေကို တိုက်ဖျက်ခြင်းနဲ့ အများပြည်သူ နဲ့ သက်ဆိုင်တဲ့ အုပ်ချုပ်ရေး အဆောက်အအုံကို ပြုပြင်ပြောင်းလဲခြင်းစတာတွေကို ဆောင်ရွက်လျက် ရှိနေကြပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်သူလူထုနဲ့ အပြန်အလှန် ယုံကြည်မှုရှိကြတဲ့ လူထုလူတန်းစား အဖွဲ့အစည်းများရဲ့ အကြံဉာဏ်တွေကိုလည်း ပိုမိုလက်ခံလာကြခြင်း၊ ယင်းတို့ကို ပိုမိုလုပ်ကိုင်နိုင်ဖို့ ကကြိုးတန်ဆာ ဆင်ပေးခြင်းများ လုပ်လာကြပါတယ်။ အခုလို လူမှုရေးနဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချမှုရရှိဖို့ လှုပ်ရှားဆောင်ရွက်ကြရခြင်းဟာ အကျပ်အတည်းအတွင်းနဲ့ အကျပ်အတည်းလွန် နိုင်ငံတွေအဖို့ ပိုလို့တောင် အရေးကြီးပါတယ်။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)

-